# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 3, 2019 Volume 18, Number 3


**၃.၄.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၁၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၀၈.၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၅.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၆.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၃.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၈၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၂၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၂.၉၃ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၉.၇၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၅၄၄ကျပ် |

Source: CBM Rate, SFJ Journal

## မန္တလေးမြို့၌ ငါးကြိမ်မြောက် မြန်မာ့သရက်ပွဲတော် ပြုလုပ်မည်

လာမည့်မေလအတွင်း ငါးကြိမ်မြောက် သရက်ပွဲသီးဈေးရောင်းပွဲတော်ကို မန္တလေးမြို့ရှိ Hotel Hazel တွင် ပြုလုပ်သွားမည်ဟု သရက်အစုအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေကပြောသည်။



မြန်မာ့ သရက်သီးဈေး ကွက် ပိုမိုတွင်ကျယ်စေ ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပြီး သရက်အစုအဖွဲ့များ ပိုမိုအား ကောင်းလာစေရန်နှင့် ပြည်တွင်း သရက်ထုတ်ကုန်များအား မိတ်ဆက်လိုခြင်းဖြစ်ကြောင်းသိရသည်။

ပြပွဲမှာ သရက်မျိုးစုံပြသွားမယ်။ သရက်နဲ့ပတ်သက်တဲ့ ထုတ်ကုန်တွေကို ပြသသွားမယ်။ လာကြည့်တဲ့သူတွေပျော်ရွှင်ဖို့အတွက် သရက်သီးစားပွဲ ထည့်သွင်းကျင်းပမှာဖြစ်ကြောင်း ဒေါ်သန်းသန်းဆွေကပြောသည်။ မေလ ၁၁ ရက်နှင့် ၁၂ ရက် နေ့များတွင်ကျင်းပမည့် မြန်မာ့သရက်အမျိုးမျိုး ပြပွဲတွင် မြန်မာနိုင်ငံ၏ အဓိက ပို့ကုန်များများဖြစ်သည့် စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲနှင့် အခြားမြန်မာ့သရက် အမျိုးမျိုးကိုပြသခြင်းနှင့် ပြိုင်ပွဲများလည်း ပါဝင်သည်ဟုသိရသည်။ အဆိုပါ မြန်မာ့ သရက်ပွဲတော်၌ သရက်လုပ်ငန်းနှင့် ဆက်နွယ်နေသော ထုတ်ကုန်၊ စက်ကိရိယာ၊ သရက်စိုက်ပျိုးရာတွင် လိုအပ်သည့်ပစ္စည်း၊ ပိုးသတ်ဆေးစသည်တို့ကိုလည်း ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

သရက်ပြပွဲလုပ်တာ အဆင်ပြေတယ်။ ဒီလိုသရက်ပြပွဲကနေ ပြည်တွင်းဈေးကွက် ရရှိလာတယ်။ ဒီလိုပွဲတော်လုပ်ရင် ပြည်တွင်းတင်မကဘူး၊ ပြည်ပကလည်း လာကြည့်တာရှိတယ်။ ကိုယ့်ပစ္စည်းက အရည်အသွေးကောင်းနေရင်တော့ ပြပွဲမှာတင် ကုန်သည်တွေနဲ့ချိတ်ဆက်မိလာမှာဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် ကုလားကြီးခြံကျေးရွာမှ သရက်ခြံပိုင်ရှင်ဦးမြင့်ဝင်းကပြောသည်။

Source: http://www.amiamyanmar.com/Detail.aspx?id=6952


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## မြန်မာနှင့်ကုန်သွယ်မှုပြုနေသည့် နိုင်ငံပေါင်း ၉ နိုင်ငံတွင် စီးပွားရေးသံမှူးအသစ်များ ထပ်မံခန့်အပ်



မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုပြုနေသည့် နိုင်ငံပေါင်း ၉ နိုင်ငံတွင် ခန့်အပ်ထားသည့် စီးပွားရေးသံမှူးများ၏ တာဝန်သက်တမ်း မှာ ၂၀၁၉ ခုနှစ် မတ်လကုန်တွင် ပြီးဆုံးသွားပြီဖြစ်သည့် အတွက် စီးပွားရေးသံမှူးအသစ်များအား ထပ်မံခန့်အပ် စေလွှတ်မှုများ ပြုလုပ်နေကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ ယခင်နှစ်များက စီးပွားရေးသံမှူးများ စေလွှတ်ခြင်းကို စီမံဘဏ္ဍာရေး ဝန်ကြီးဌာနမှ ထားရှိစေလွှတ်ရာမှ ယခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်၊ မြန်မာကုန်သွယ်မှုအဖွဲ့အောက်သို့ ပြောင်းရွှေ့လိုက်ကြောင်း ယင်းဝန်ကြီး ဌာန ညွှန်ကြားရေးမှူး ဦးမျိုးသူကပြောကြားသည်။

အရင်ကတော့ သက်တမ်းကို ၂ နှစ်ထားပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အစားထိုးဖို့ မလွယ်သေးလို့ သက်တမ်း တစ်နှစ်ထပ်တိုးခဲ့တာ အခုမတ်လကုန်ဆို ကုန်ဆုံးပြီဖြစ်တယ်။ ပုံမှန်ဆိုရင်တော့ ၂ နှစ် တစ်ကြိမ်လဲတာ ဖြစ်တာ ဒါကဘဏ္ဍာနှစ်နဲ့ မဆိုင်ပါဘူး။ ဒါကြောင့် နောက်ထပ်အစား ပြန်လွှတ်ရမှာပေါ့။ အခု တစ်ချို့တွေလည်း စေလွှတ်ထားပြီး။ တချို့က ပြောင်းလဲဖို့စောင့်နေကြတုန်း။ ၉ နိုင်ငံထဲမှာဆိုရင် တရုတ်မှာတင် နန်နင်း၊ ဘေဂျင်း၊ ဟောင်ကောင်မှာတင် သုံးနေရာခန့်အပ်မှာဖြစ်တယ်။ ဒီထဲက နန်နင်းဆိုရင် အရင်က ကုန်သွယ်ရေးအရာရှိအဆင့် သတ်မှတ်တာကနေ အခုစီးပွားရေးသံမှူးအဖြစ်ထားရှိတာဖြစ်တော့ စုစုပေါင်း ၁၀ ခု ဖြစ်သွားတာပေါ့ ” ဟု ၎င်းက ပြောသည်။

စီးပွားရေးသံမှူးများအား တရုတ်( ဘေဂျင်း၊ နန်နင်း၊ ဟောင်ကောင်)၊ အီးယူ (ဘယ်လ်ဂျီယံ)၊ တောင်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်၊ ဆွစ်ဇာလန်၊ ထိုင်းနှင့် စင်္ကာပူစသည့် နိုင်ငံများကိုစေလွှတ်သွားမည်ဖြစ်ကြောင်းသိရသည်။ ခန့်အပ်လိုက်သည့် စီးပွားရေးသံမှူးများအနေဖြင့် နိုင်ငံအလိုက် ပေးပို့သည့်ဈေးကွက်အခြေအနေနှင့် အစီ ရင်ခံစာများကို ပြည်တွင်းလုပ်ငန်းရှင်များသိရှိစေရန် သတင်းဖြန့်ဝေပေးခြင်း၊ ဈေးကွက်အလားအလာရှိသည့် ကုန်ပစ္စည်းအကြောင်းအရာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝက်ဆိုဒ်တွင်အချိန်နှင့် တစ်ပြေးညီ တင်ပြပေးရကြောင်းသိရသည်။

ထို့ပြင် မြန်မာသံရုံးဖွင့်လှစ်ထားသည့်နိုင်ငံများတွင်လည်း ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့် စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုတို့အားတိုးမြှင့်ရန် မြန်မာနိုင်ငံနှင့်ကုန်သွယ်ရေးလုပ်ငန်းလုပ်ကိုင်လိုသူများများကို ချိတ်ဆက်ကူညီဆောင်ရွက်ပေးနိုင်ရန်၊ မြန်မာနိုင်ငံမှ ကုန်စည်ဝယ်လိုသူများကို ချိတ်ဆက်ပေးရန်၊ သက်ဆိုင်ရာနိုင်ငံများတွင် ကျင်းပသည့် ကုန်စည်ပြပွဲများအား ကူညီမှုများလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6953

## ဆန်စပါးသုတေသနလုပ်ငန်းများကို တရုတ်နိုင်ငံနှင့်ပူးပေါင်းကာ တိုးမြှင့်ဆောင်ရွက်မည်



ဆန်စပါးနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများကို တရုတ်နိုင်ငံ Guangxi Academy of Agricultural Sciences (GXAAS) နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းကာ တိုးမြှင့်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။ ထို့ပြင် အရည်အသွေးကောင်း စပါးမျိုးများ မွေးမြူရွေးချယ်ရေးသုတေသနများ တိုးမြှင့် ဆောင်ရွက်ခြင်းနှင့် ဆန်အရည်အသွေးစစ်ဆေးသည့် ဓါတ်ခွဲခန်းများအဆင့်မြှင့်တင်ရေးစသည့်လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

Guangxi Academy of Agricultural Sciences (GXAAS) အနေဖြင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာန (DAR) ၏ စပါးသုတေသန လုပ်ငန်းများ၊ နှစ်နိုင်ငံ ကုန်သွယ်မှုအတွက် အလားအလာကောင်းသော သီးနှံများဖြစ်သည့် ပြောင်း၊ ဖရဲနှင့် ပဲပုပ်သီးနှံ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ သုတေသနလုပ်ငန်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံ တာဝန်ရှိသူများမှ နားလည်မှုစာချွန်လွှာလက်မှတ် ရေးထိုးထားပြီးဖြစ်ကာ၊ ပညာရှင်များ အချင်းချင်း စိုက်ပျိုးနည်းပညာ ဗဟုသုတများအပြန်အလှန်ဖလှယ်ခြင်း (Knowledge Exchange and Expertise) အားလည်း လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအဖွဲ့ (IIRR) မှ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ရာသီဥတုနှင့် လိုက်လျောညီထွေမည့် စိုက်ပျိုးရေးနည်းစနစ်များ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မည့် သုတေသနလုပ်ငန်းများအတွက် နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေးအတွက်လည်း ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=6950

## ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ (၃၂)ဘီလီယံ ဖိုးဆောင်ရွက်ထားပြီးကုန်သွယ်မှုလိုငွေကို (၂)ဘီလီယံခန့် အထိ လျှော့ချထားနိုင်



(၂၀၁၈) ခုနှစ် ဧပြီလမှ (၂၀၁၉)ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်း (၂)ခု ပေါင်းမှ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ (၃၂) ဘီလီယံဖိုးအထိ ဆောင်ရွက်ထားပြီး ယခင်နှစ် ကာလတူထက် ကုန်သွယ်မှု လိုငွေကို ကန်ဒေါ်လာ (၂)ဘီလီယံခန့် လျှော့ချထားနိုင်ခဲ့ သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ပြည်ပကုန်သွယ်မှုပမာဏမှာ ယခင်ဘဏ္ဍာနှစ် အတွင်းက စုစုပေါင်း (၃၄)ဘီလီယံအထိရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေမှာ (၃.၈၃) ဘီလီယံအထိရှိခဲ့သည်။ ယခုကာလတူ အတွင်း ကုန်သွယ်မှုလိုငွေမှာ (၁.၈၉) ဘီလီယံသာရှိခဲ့သဖြင့် ကုန်သွယ်မှုလိုငွေများစွာ လျှော့ကျခဲ့ခြင်းဖြစ်သည်။

ပို့ကုန်တင်ပို့မှုအပိုင်းတွင်လည်း ယခင်နှစ်က အမေရိကန်ဒေါ်လာ (၁၂) ဘီလီယံသာရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် (၁၄) ဘီလီယံအထိ တိုးတက်လာခဲ့သည်။ ပို့ကုန်ကဏ္ဍတွင် ချုပ်ပြီးအထည် CMPတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ်တွင် (၂.၅)ဘီလီယံကျော်အထိ ရှိလာခဲ့ပြီး စံချိန်တင် တင်ပို့မှုအနေအထားလည်းဖြစ်ခဲ့သည်။

ကုန်သွယ်မှုလိုငွေလျော့ကျဖို့ အဓိက ကသွင်းကုန်လျှော့ချတာ မဟုတ်ဘဲ ပို့ကုန်တိုးမြှင့်နိုင်ဖို့ကို အထူးရည်ရွယ်ဆောင်ရွက်နေတာပါ။ အခုဆိုရင် မနှစ်ကထက် ပို့ကုန်အပိုင်းက (၂) ဘီလီယံလောက် ပိုတိုးလာတယ်။ ဒါက ကုန်သွယ်မှုလိုငွေလျော့ကျစေတဲ့အချက်ပါဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြီးတန်း အရာရှိတစ်ဦးကဆိုသည်။ ပြည်ပပို့ကုန်အပိုင်းတွင် လယ်ယာထွက်ကုန်များအပြင် စက်မှုထုတ်ကုန်များကိုပါ တိုးမြှင့် တင်ပို့နိုင်စေရေးအတွက် အီးယူနိုင်ငံများနှင့်ညှိနှိုင်းမှုများပြုလုပ်နေပြီး သွင်းကုန်အစားထိုးစက်မှုကုန်ကြမ်းများကိုလည်း ပြည်တွင်း၌ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျှက်ရှိနေသည်ဟုသိရသည်။

**Source:** Popular News Journal

## သကြ်န်ကာလနီးလာသဖြင့် ဂယ်လှောင်သူများကြောင့် ဆန်အရောင်းအဂယ်ပြန်ဖြစ်လာ

ယခုရက်ပိုင်းအတွင်း သကြ်န်ကာလနီးလာသဖြင့် ဆန်ကိုကြိုတင်ဂယ်ယူသိုလှောင်သူများလာသဖြင့် မန္တလေးဆန်ဈေးကွက်အရောင်းအဂယ်ပြန်ဖြစ်လာကြောင်း မန္တလေးဆန်ဈေးကွက်မှ သတင်းရရှိသည်။ မန္တလေးဆန်ဈေးကွက်မှ ဆန်ဝယ်ယူသူများမှာ နယ်ဝယ်လက်များကြောင်း၊ ထိုကဲ့သို့ ဆန်အရောင်းအဝယ် မြင့် တက်လာသော်လည်း ဆန်ဈေးနှုန်းမှာမူ မြင့်တက်လာခြင်းမရှိကြောင်း သိရသည်။

တရုတ်နိုင်ငံဘက်မှ တရားမဝင်ကုန်စည်များအား ဖမ်းဆီးအရေးယူနေသည့်အတွက် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုကို ၃ လကျော် ရပ်နားထားရသည့် ယခုလိုအချိန်တွင် ယခုကဲ့သို့ နယ်များမှ ဆန်ဝယ်ယူမှုများကြောင့် မန္တလေးဆန်ကုန်သည်များအတွက် အပြောင်းအလဲ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ဆန်တွေ လက်ထဲလှောင်ထားတာများတော့ ငွေကသိပ်မပေါ်ဘူး။ ဒါပေမယ့် အခုလိုနယ်ကဝယ်တော့ ငွေပေါ်လာပြီ။ ဒါကြောင့် နွေစပါးအသစ်ပေါ်ရင်ထပ်ဝယ်လို့ရကြောင်း မန္တလေးကုန်စည်ဒိုင်မှ ဆန်ကုန်သည်ဦးဆန်းဝင်းက ပြောသည်။ လက်ရှိ မန္တလေးဆန်ဈေးကွက်တွင် ရွှေဘိုဘေးကြား ပေါ်ဆန်း (ပွဲရုံဈေး/တစ်တင်းခွဲအိတ်)ဆန် တစ်အိတ်လျှင် ၅၀,၀၀၀ ကျပ်မှ ၅၁,၀၀၀ ကျပ်၊ ရန်ကုန်ပေါ်ဆန်းဆန် တစ်အိတ်လျှင် ၃၇,၀၀၀ ကျပ်မှ ၄၀,၀၀၀ ကျပ်၊ မဂျမ်း တောဆန် တစ်အိတ်လျှင် ၄၀,၀၀၀ ကျပ်မှ ၄၂,၀၀၀ ကျပ်၊ ရှေမင်းဆန် တစ်အိတ်လျှင် ၃၉,၀၀၀ ကျပ်မှ ၄၀,၀၀၀ ကျပ်၊ ဖန်သီးမနော်ဆန် တစ်အိတ်လျှင် ၂၅,၀၀၀ ကျပ်မှ ၂၆,၀၀၀ ကျပ်၊ ရေကျဆန် တစ်အိတ်လျှင် ၂၄,၀၀၀ ကျပ်မှ ၂၅,၀၀၀ ကျပ်ခန့် အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source:** http://amiamyanmar.com/Detail.aspx?id=6948

## ပြည်တွင်း ဈေးကွက်အတွက် အာလူးဧက ၁၀၀ ကို GAP စနစ်ဖြင့် စိုက်ပျိုးထား

ယခုနှစ်တွင် ပြည်တွင်းဈေးကွက်ရှိ အားလူးကြော် ရောင်းချသူများအတွက် အာလူးဧက ၁၀၀ ခန့်ကို စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် စိုက်ပျိုးထားကြောင်း အာလူးအစုအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းထွေးကပြောသည်။ ပြည်တွင်းမှ ထွက်ရှိသည့်အာလူးများကို ပြည်ပသို့တင်ပို့ရာတွင် အခြားနိုင်ငံများမှထွက်ရှိသည့် အာလူးမျိုးများဖြင့် ဈေးနှုန်းနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက် ပြည်တွင်းဈေးကွက်ကိုသာ အားထားနေရကြောင်းသိရသည်။

ပြည်တွင်းမှာတောင် အာလူးဈေးကကွာခြားသေးတယ်။ စားသုံးသူနဲ့ အာလူးကြော်ရောင်းတဲ့သူတွေယှဉ်ရင် အာလူးကြော်ရောင်းတဲ့သူတွေက ဈေးပိုရတယ်။ ဒါကြောင့် ဒီနှစ်မှာ အာလူးဧက ၁၀၀ ကို GAP စနစ်နဲ့ စိုက်ပျိုးထားကြောင်း ဥက္ကဋ္ဌ ဦးချမ်းထွေးကပြောသည်။ လက်ရှိ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် အာလူးများမှာ အထွက်နှုန်းကောင်းမည်ဟု ခန့်မှန်းထားကြောင်းနှင့် အဆိုပါ GAP စနစ်ဖြင့် စိုက်ထားသည့် အာလူးကို မြို့နယ်အစုံတွင် စိုက်ပျိုးထားကြောင်းသိရသည်။ လက်ရှိ ပြည်တွင်း၌စိုက်ပျိုးထုတ်လုပ်နေသည့် အာလူးမျိုးများမှာ ကုန်ကျစရိတ်များမြင့်မားခြင်းနှင့် အာလူးထုတ် လုပ်မှုနည်းပညာများ နည်းပါးနေခြင်းတို့ကြောင့် ပြည်ပနိုင်ငံမှထွက်ရှိသည့် အာလူးများနှင့်နှိုင်းယှဉ်ပါက အရည်အသွေးကွာခြားမှုများရှိသည့်အတွက် တင်ပို့နိုင်မှုမရှိသည့်အပြင်၊ တရုတ်နိုင်ငံမှအာလူးများ ပြည်တွင်းသို့ ဝင်ရောက်လာပါက ပြည်တွင်းအာလူးကို ဈေးလျော့ရောင်းချရသည့် အနေအထားများပင်ရှိနေကြောင်း ရှမ်းပြည်နယ်မှ အာလူးစိုက်တောင်သူဦးအောင်မိုးက ပြောသည်။

ထို့ကြောင့် လက်ရှိအချိန်တွင် ပြည်တွင်းအာလူးစိုက် တောင်သူများမှာ အာလူးစားသုံးထက်၊ အာလူးကြော်ရောင်းချသူများကို ရောင်းချရန်အတွက် နယ်သာလန် အာလူးမျိုးများကို အဓိက ဝယ်ယူစိုက်ပျိုးနေရကြောင်း သိရ သည်။

လက်ရှိအချိန်တွင် ပြည်တွင်း၌ ထွက်ရှိသည့် အာလူးဈေးနှုန်းများ အနေဖြင့် အသေးတစ် ပိဿာလျှင် ၁၅၀ ကျပ်နှင့်၂၀၀ ကျပ်ကြား ဈေး နေရှိပြီး၊ အာလူး အလုံးကြီး တစ်ပိဿာလျှင် ၅၅၀ ကျပ်နှင့် ၆၀၀ ကျပ်ကြား ဈေးရှိနေ ကြောင်း သိရသည်။

**Source:** http://amiamyanmar.com/Detail.aspx?id=6949

## ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကုန်ကြမ်းပစ္စည်းတင်သွင်းမှု တန်ဖိုးလျော့နည်း

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ကုန်ကြမ်းပစ္စည်းတင်သွင်းမှုသည် ယခုဘဏ္ဍာနှစ် ငါးလခွဲအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံကျော်သာရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၃၆၀ကျော် လျော့နည်းလာခဲ့ပါတယ်။၂၀၁၇-၁၈ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လ ၁၅ ရက်အထိ ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှု ကုန်ကြမ်းပစ္စည်းတင်သွင်းမှု ဒေါ်လာ ၂ ဒသမ ၅၆ ဘီလီယံကျော်ရှိလာခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှု ကုန်ကြမ်းပစ္စည်းတင်သွင်းမှုလျော့နည်းခြင်းက နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လျော့နည်းခြင်းကြောင့်ဖြစ်လာသည့် အကျိုးဆက်တစ်ခုဖြစ်သည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌတစ်ဦးက ပြောပြချက်အရသိရပါတယ်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ငါးလခွဲအတွင်း မြန်မာနိုင်ငံ၏ သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ကြမ်းပစ္စည်းတင်သွင်းမှုအပြင် လူသုံးကုန်ပစ္စည်းများ တင်သွင်းမှုကလည်း ဒေါ်လာသန်း ၂၀၀ ကျော် လျော့နည်းခဲ့ပါတယ်။ လူသုံးကုန်ပစ္စည်းများ တင်သွင်းမှုလျော့ကျခြင်းက ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကိုအားပျော့စေသည်ဟု မြန်မာနိုင်ငံမော်တော်ယာဉ်တင်သွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း ဥက္ကဋ္ဌဒေါက်တာ စိုးထွန်းပြောပြချက်အရသိရပါတယ်။

မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးတွင် ပုဂ္ဂလိကကဏ္ဍကုန်သွယ်မှုပမာဏက ၈၀ ရာခိုင်နှုန်းကျော် ပါဝင်နေခဲ့ပြီး ယခုဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ နိုင်ငံခြားပို့ကုန်ပမာဏ ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံကျော်တွင် ပုဂ္ဂလိက ကဏ္ဍမှ ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံကျော် တင်ပို့ထားပါတယ်။ ပုဂ္ဂလိကကဏ္ဍမှ ပို့ကုန်ပမာဏ စုစုပေါင်းကလည်း ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ကျော် ပိုမိုတင်ပို့နိုင်ပါတယ်။ ပုဂ္ဂလိကပို့ကုန်ကဏ္ဍ တိုးတက်မှုတွင် ချုပ်ပြီးအထည်တင်ပို့နိုင်သည့် ပမာဏကပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက်နှစ်ဆခန့် ပိုမိုတိုးတက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောပါတယ်။ ဒေါ်လာသန်း ၉၀၀ ကျော်ပိုများသည်ဟု ၎င်းကပြောခဲ့ပြီး ချုပ်ပြီးအထည်တင်ပို့မှုက ဒေါ်လာ နှစ်ဘီလီယံကျော် အထိရရှိထားခဲ့ပါတယ်။ သွင်းကုန်လျော့နည်းပြီး ပို့ကုန်ပမာဏ တိုးမြင့်လာမှုကြောင့် ယခုဘဏ္ဍာနှစ်တွင် ကုန်သွယ်မှု လိုငွေ ဒေါ်လာသန်း ၇၇၀ ရှိခဲ့ပြီး ယင်းပမာဏက ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်လျှင် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကျော် လျော့နည်းလာခဲ့ပါတယ်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလို ငွေဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ ကျော် ရှိလာခဲ့ပါတယ်။

**Source:** http://www.logisticsguide.com.mm/en/industry-news/export-import/1735-private-investment-less-the-value-of-imports-of-raw-materials.html

## မြန်မာဈေးကွက်ထဲ ဝင်ရောက်လုပ်ကိုင်တော့မယ့် မလေးရှားဆောက်လုပ်ရေးကုမ္ပဏီ Sunway

မလေးရှား ဆောက်လုပ်ရေး လုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်တဲ့ Sunway Construction Group Bhd (SunCon) ကတော့ ယခုအခါ မြန်မာနိုင်ငံဈေးကွက်ထဲ ဝင်ရောက်လုပ်ကိုင်ဖို့ စီစဉ်နေတယ်လို့သိရပါတယ်။ ယင်း SunCon အနေနဲ့ ရန်ကုန်အခြေစိုက် Capital Construction Ltd (CCL) နဲ့ပူးပေါင်းပြီးတော့ အဓိကကျတဲ့ ဆောက်လုပ်ရေးလုပ်ငန်း ပရောဂျက်တွေ လုပ်ကိုင်နိုင်ဖို့ ကြိုးပမ်းသွားမယ်လို့သိရပါတယ်။

Sun Con က indirect အရ အပြည့်အဝပိုင်ဆိုင်ထားတဲ့ လုပ်ငန်းခွဲ Sunway Builiders( Myanmar) Co Ltd ကတော့ ဧပြီ ၁ ရက်က CCL နဲ့အကြား နားလည်မှု စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့တယ်လို့လည်း သိရပါတယ်။ CCL ကတော့ လူသိများတဲ့ မြန်မာလုပ်ငန်းစုတစ်ခုဖြစ်တဲ့ Capital Diamond Star Group (CDSG) ရဲ့ member တစ်ခုလည်းဖြစ်ပါတယ်။ SunCon နဲ့ CDSG တို့ရဲ့ ပူးတွဲကြေညာချက်မှာတော့ ယင်းတို့အနေနဲ့ ရန်ကုန်နဲ့ မန္တလေးတို့မှာ ဘက်စုံသုံးအဆောက်အအုံတွေ၊ ရုံးခန်းတွေ၊ ဟိုတယ်တွေ၊ ဆေးရုံတွေလိုမျိုး ပရောဂျက်တွေ ဖော်ဆောင်နိုင်ရေးကြိုး

ပမ်းသွားဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။

**Source:** http://www.bernama.com/en/business/news.php?id=1711681

## ကမ္ဘာ့ရေနံဈေး ၂၀၁၉ ရဲ့ အမြင့်ဆုံးဈေးနှုန်းကိုရောက်ရှိ

ကမ္ဘာ့ရေနံဈေးကတော့ ဧပြီ ၂ ရက်မှာပဲ ၂၀၁၉ ရဲ့ အမြင့်ဆုံးအတိုင်းအတာ လယ်ဗယ်အဖြစ် တစ်စည်ကို ၆၉ ဒေါ်လာအထက်အထိ ရောက်ရှိမြင့်တက်လာတယ်လို့သိရပါတယ်။ အီရန်အပေါ် ဆန်ရှင်တွေ ထပ်မံ ချမှတ်လာနိုင်မှုနဲ့ အတူဗင်နီဇွဲလား နိုင်ငံရေးအခြေအနေကြောင့် အိုပက်ဦးဆောင်တဲ့ ရေနံထုတ်လုပ်မှုပိုင်းဂန်း လျှော့ချမှုပိုင်းအပေါ် ပိုမို ကျယ်ပြန့်စေမယ့် သက်ရောက်မှုတွေ ရှိနိုင်မယ့် အလားအလာတွေမြင်တွေ့နေရချိန် ခုလို ရေနံဈေးမြင့်တက် လာတာဖြစ်တယ်လို့ဆိုပါတယ်။

ယင်းနေ့က Brent ရေနံဈေးနှုန်းဟာ တစ်စည်ကို ၆၉ ဒသမ ၁၁ ဒေါ်လာအထိ မြင့်တက်လာခဲ့တာဖြစ်ကာ နိုဂင်ဘာလလယ်နောက်ပိုင်း အမြင့်ဆုံးဈေးဖြစ်တဲ့ ကန်ဒေါ်လာ ၆၉ ဒသမ ၅၀ နားထိ ကပ်လာခဲ့ပါတယ်။ အမေရိကန် ရေနံဈေးနှုန်းကတော့ ကန်ဒေါ်လာ ၆၁ ဒသမ ၇၀ အထိ မြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။ ထုတ်လုပ်မှု ပိုင်းဂန်း လျှော့ချမှုတွေက ဒီမှာအချိန်အတိုင်းအတာတစ်ခုထိရှိနေခဲ့ပါတယ်၊ နောက်ပြီး ဗင်နီဇွဲလားကထုတ်လုပ်မှုကလည်း တိုးတက်လာမနေပါဘူး၊ ဒါက ဈေးကွက်ထဲကနေ ရေနံအများကြီးကိုထုတ်ယူသွားသလိုဖြစ်စေခဲ့ပါတယ်လို့ Petromatrix က အကဲဖြတ်သုတေသီ Olivier Jakob က ပြောသွားပါတယ်။

**Source:** https://www.channelnewsasia.com/.../oil-hits-2019-high-on-ope...

## STOCK EXCHANGE (3.4.2019)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 3rd Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,700 | 8,700 | 8,600 | 137 | 1,181,900 | 27,112,747 | 233,170 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 1,751 | 4,990,350 | 38,929,150 | 110,948 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 29 | 205,900 | 10,400,986 | 73,847 |
| FPB | 00004 | 21,000 | +0 | +0.00% | 20,500 | 21,000 | 20,500 | 253 | 5,263,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 3 | 7,950 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.88 | -1.98 | -0.54% | 368.96 | 368.96 | 367.88 | 2,173 | 11,649,100 | 5 | 502,242 |


**Index chart**



## Market Overview

As of 1:00 pm, 3rd Apr. 2019

| MYANPIX | 367.88 ▼ 1.98 |
|---|---|
| Total Volume (shares) | 2,173 |
| Total Value (MMK) | 12 mil |
| Listed Company | 5 |
| Market Cap. (MMK) | 502,242 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |

TIR